ပါတီစည်းကမ်း ဖောက်ဖျက်ခြင်းဆိုင်ရာ
ဥပဒေ

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ		စာမျက်နှာ
၁	နိဒါန်း	....	၁
၂	အခန်း (၁)	....	၂
	အမည်နှင့်အခိုပွာယ်ဖော်ပြချက်		
၃	အခန်း (၂)	....	၂
	ဥပဒေအရ အရေးယူနိုင်သည့် စည်းကမ်းဖောက်ဖျက်မှုများနှင့် ပြစ်ဒဏ်များ		
၄	အခန်း (၃)	....	၆
	အထွေထွေ		

ပါတီစည်းကမ်း ဖောက်ဖျက်ခြင်း ဆိုင်ရာဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၅]

နိဒါန်း

အခြေခံဥပဒေပုဒ်မ ၁၁ တွင် နိုင်ငံတော်သည် တခုတည်းသော ပါတီစနစ်ကိုသာကျင့်သုံးရမည်၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသည် နိုင်ငံတော်၏ တခုတည်းသော နိုင်ငံရေးပါတီဖြစ်၍ နိုင်ငံတော်ကို ဦးဆောင်သည်ဟု ပြဋ္ဌာန်းထားပေသည်။ ထိုသို့နိုင်ငံတော်ကို ဦးဆောင်သည့်ပါတီတွင် ပါဝင်သောပါတီဝင်များသည် ပါတီစည်းကမ်းကို တိတိကျကျ လိုက်နာရန် လိုအပ်ပေသည်။ ပါတီ၏ အကျိုးကိုသာမက နိုင်ငံတော်၏ အကျိုးနှင့်ဆိုရှယ်လစ်စနစ်၏ အကျိုးတို့ကိုပါ ထိခိုက်ပျက်ပြား စေနိုင်သောကြီးလေးသည့် ပြစ်မှုကျူးလွန်သော ပါတီဝင်များအား ပါတီစည်းကမ်းအရသာမက နိုင်ငံတော်၏ ဥပဒေအရပါ အရေးယူနိုင်စေရန် ပြည်သူ့ လွှတ်တော်သည် အောက်ပါ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပါတီစည်းကမ်း ဖောက်ဖျက်ခြင်းဆိုင်ရာ ဥပဒေဟုခေါ် တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်—

(က) **လမ်းစဉ်ပါတီ** ဆိုသည်မှာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို ဆိုသည်၊

(ခ) **ပါတီဝင်** ဆိုသည်မှာ လမ်းစဉ်ပါတီက အရန် သို့မဟုတ် တင်း ပြည့်ပါတီဝင်အဖြစ် အသိအမှတ်ပြုထားသော ပုဂ္ဂိုလ်ကိုဆိုသည်၊

(ဂ) **ပါတီစည်းမျဉ်း** ဆိုသည်မှာ လမ်းစဉ်ပါတီ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းကိုဆိုသည်၊

(ဃ) **လမ်းညွှန်သဘောတရား** ဆိုသည်မှာလမ်းစဉ်ပါတီက တရားဝင် ခံယူကျင့်သုံးလျက်ရှိသော လူနှင့် ပတ်ဝန်းကျင်တို့၏ အညမည သဘောတရားကိုဆိုသည်၊

(င) အခြေခံလမ်းစဉ် ဆိုသည်မှာ ပါတီစည်းမျဉ်းအပိုဒ် ၇ မှ ၂၆ အထိ ပြဋ္ဌာန်းထားသော လမ်းစဉ်ပါတီ၏ လမ်းညွှန်သဘောတရားကို အခြေခံသည့် ပါတီ၏လုပ်ငန်းဆိုင်ရာ အခြေခံသဘောထားနှင့်အညီ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးဆိုင်ရာ အခြေခံလမ်းစဉ်ကိုဆိုသည်၊

(စ) မူဝါဒ ဆိုသည်မှာ လမ်းစဉ်ပါတီ၏ ပါတီ ညီလာခံများက ဆုံးဖြတ် ပြဋ္ဌာန်းထုတ်ပြန်ထားသည့်နိုင်ငံရေး၊ စည်းရုံးရေး၊စီးပွားရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေး၊ ကာကွယ်ရေးနှင့်လူမှုရေးဆိုင်ရာ မူဝါဒများ၊ ပါတီညီလာခံများက ချမှတ်လိုက်သည့် ရှေ့လုပ်ငန်းစဉ်များအပေါ် ပါတီဗဟိုကော်မီတီက အခါအားလျော်စွာ ဆုံးဖြတ်ပြဋ္ဌာန်းထုတ်ပြန်ထားသည့် နိုင်ငံရေး၊စည်းရုံးရေး၊စီးပွားရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေး၊ ကာကွယ်ရေးနှင့် လူမှုရေးဆိုင်ရာမူဝါဒများကိုဆိုသည်။

အခန်း (၂)

ဥပဒေအရ အရေးယူနိုင်သည့်စည်းကမ်းဖောက်ဖျက်မှုများနှင့်ပြစ်ဒဏ်များ

၃။ ပါတီဝင် မည်သူမဆို အောက်ပါ ပြဋ္ဌာန်းချက်တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ဤဥပဒေအရ ပြစ်မှုကျူးလွန်သည်ဟုမှတ်ယူရမည်—

(က) လမ်းစဉ်ပါတီအား ပျက်စီးရာပျက်စီးကြောင်းဖြစ်စေရန် စည်းရုံးလှုံ့ဆော်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊

(ခ) လမ်းစဉ်ပါတီက တရားဝင်ခံယူကျင့်သုံးလျက်ရှိသော လမ်းညွှန်သဘောတရား၊ အခြေခံလမ်းစဉ်နှင့် မူဝါဒတခုခုကို ချိုးဖောက်ခြင်း၊ ပျက်စီးရာ ပျက်စီးကြောင်းဖြစ်စေရန် စည်းရုံးလှုံ့ဆော်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊

(ဂ) လမ်းစဉ်ပါတီက တရားဝင် ခံယူကျင့်သုံးလျက်ရှိသော လမ်းညွှန်သဘောတရားနှင့် ဆန့်ကျင်၍ ဆွေးနွေးခြင်း၊ပို့ချခြင်း၊ဟောပြောခြင်း၊ ရေးသားဖြန့်ဝေခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊

(ဃ) လမ်းစဉ်ပါတီ၏ စည်းလုံးညီညွတ်ရေးကို ဖြိုဖျက်ရန် စည်းရုံးလှုံ့ဆော်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊

(င) လမ်းစဉ်ပါတီက လျှို့ဝှက်ချက်များအဖြစ် သတ်မှတ်ထားသည်များကို ခွင့်ပြုချက်မရှိပဲ ပေါက်ကြားခြင်း။

၄။ ပါတီဝင်မည်သူမဆို ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်တရပ်ရပ်ကို ကျူးလွန်၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ်အနည်းဆုံး ၃ နှစ်မှ အများဆုံး ၁၄ နှစ်အထိ ကျခံစေရမည်။

အခန်း (၃)

အထွေထွေ

၅။ ဤဥပဒေပါပြစ်မှုတရပ်ရပ်ကို ကျူးလွန်သည့် ပါတီဝင်အား လမ်းစဉ်ပါတီ ဗဟိုကော်မီတီ၏ ခွင့်ပြုချက်ဖြင့်သာ တရားစွဲဆိုခြင်းပြုရမည်။

၆။ တရားစီရင်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည် ပါတီစည်းကမ်းထိန်းသိမ်းရေးကော်မီတီမှ အရေးယူအပြစ်ပေးခြင်းနှင့် မသက်ဆိုင်စေရ။

၇။ ဤဥပဒေဆိုင်ရာ ပြစ်မှုများနှင့်ပတ်သက်၍လိုအပ်ပါက ပါတီစည်းကမ်းထိန်းသိမ်းရေးကော်မီတီ၏ စစ်ဆေးချက်များကို တရားစီရင်ရေးအဖွဲ့မှတောင်းယူလေ့လာနိုင်သည်။ တရားစီရင်ရေးအဖွဲ့၏ စစ်ဆေးချက်များကို ပါတီစည်းကမ်းထိန်းသိမ်းရေးကော်မီတီမှ လေ့လာရန်လိုအပ်ပါက ထုတ်ပေးပိုင်ခွင့်ရှိသည်။

၈။ လမ်းစဉ်ပါတီ အစဉ်ရှင်သန်တိုးတက်စေရေးအတွက် ပါတီဝင်များက အကြံပြုတင်ပြလိုလျှင် လမ်းစဉ်ပါတီ၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လမ်းစဉ်ပါတီက တရားဝင်သတ်မှတ်ထားသော အဖွဲ့အစည်းသို့သာ အကြံပြုတင်ပြနိုင်သည်။ ယင်းသို့ အကြံပြုတင်ပြချက်များသည် ဤဥပဒေအရ ပြစ်မှုမမြောက်စေရ။